# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

ဂျပန်နိုင်ငံ၏ "ဆေးကုသမှု" အကြောင်းကို ရှင်းပြပါမည်။ ဆေးကုသမှုအဖွဲ့အစည်းတွင် ဆေးကုသမှုခံယူနည်းခံယူပုံ၊ ဆေးရုံတက်နည်း၊ အရေးပေါ်အခြေအနေတွင် လုပ်ကိုင်ဆောင်ရွက်နည်း၊ ဆေးဆိုင်နှင့်ကျန်းမာရေးအာမခံအကြောင်းကို မိတ်ဆက်ပါမည်။

## 1 ဆေးကုသမှုအဖွဲ့အစည်း

ရောဂါနှင့်ဒဏ်ရာရရှိချိန်တွင် ဆေးကုသမှုအဖွဲ့အစည်းတစ်ခုခုတွင် ကုသခံယူရမည်ဖြစ်သည်။ ဤအခန်းမှာ ၎င်းအဖွဲ့အစည်းအမျိုးအစားနှင့် စည်းမျဉ်းစည်းကမ်းကို ရှင်းပြပါမည်။

### 1-1 ဆေးကုသမှုအဖွဲ့အစည်း၏အခြေခံသိကောင်းစရာ

#### (1) ဆေးကုသမှုအဖွဲ့အစည်း၏အမျိုးအစား

ဂျပန်နိုင်ငံဆေးကုသမှုအဖွဲ့အစည်းတွင် ဆေးရုံတက်ရန်လိုအပ်သည့်ပစ္စည်းကိရိယာနှင့်၊ ဆေးစစ်နိုင်သော စက်ကိရိယာအစုံရှိသောဆေးရုံကြီး၊ မိမိ၏ပတ်ဝန်းကျင်တွင် အလွယ်တကူဆရာဝန်ပြနိုင်သော ဆေးရုံငယ်နှင့် ဆေးခန်းဟုရှိသည်။

ဆေးရုံငယ်၊ဆေးခန်းဟုဆိုသည်မှာ ကုတင်(၂၀)ထက်နည်းသော ဆေးကုသမှုအဖွဲ့အစည်းဖြစ်သည်။ ဆေးရုံ တက်ရန်လိုအပ်သည့် ပစ္စည်းကိရိယာမပါသည်နေရာလည်းများသည်။ သေးငယ်သော ရောဂါ ကုသရာ နေရာဖြစ်သည်။

ဆေးရုံကြီးတွင် ဆေးရုံတက်ရန်လိုအပ်သည့် ပစ္စည်းကိရိယာနှင့် ဆေးစစ်ရန်ပစ္စည်းကိရိယာအစုံရှိသည်။ နိုင်ငံပိုင်၊ အများပြည်သူပိုင်း ဆေးရုံကြီးများတွင် ဆေးကုသမှုပညာရပ်အလိုက် အဆင့်မြင့်အထူးဆေးကုသမှုစနစ်များ အပြည့်အစုံရှိသည်။ ကုတင်(၂၀၀)အထက်ရှိသောဆေးရုံကြီးများတွင် ဆေးကုသမှုခံယူသည့်အခါ ဆေးခန်းငယ်မှ မိတ်ဆက်စာ မပါပါက ငွေကြေးပိုမိုတောင်းခံလာသည့်အခါလည်းရှိသည်။

ဆေးရုံကြီးတွင်ဆေး၊စက်ကိရိယာအစုံရှိပြီးနိုင်ငံပိုင်ဆေးရုံကြီးများတွင်အဆင့်မြင့်အထူးကုနည်းပညာစနစ်များအပြည့်အစုံရှိသည်။

ကုတင်(၂၀၀)အထက်ဆေးရုံကြီးများသို့တက်ရာတွင်ဆေးခန်းငယ်မှမိတ်ဆက်စာမပါပါကငွေကြေးပိုမိုကုန်ကျလိမ့်မည်။

အရင်ဆေးရုံငယ်(ဆေးခန်း)တွင် ဆေးကုသမှုခံယူပြီး လိုအပ်မှသာ ဆေးရုံကြီးသို့သွား၍ ဆေးကုသမှုခံယူရန် တိုက်တွန်းသည်။

ရောဂါဖြစ်သွားသည့်အခါ ပျာယာမခတ်ရန် အနီးပတ်ဝန်းကျင်တွင်ရှိ ဆေးကုသမှု အဖွဲ့အစည်းများကို စုံစမ်းထားပါ။

# F ဆေးကုသမှု


Fဆေးကုသမှု ထိပ်သို့


ဆေးရုံငယ်

ရောဂါအခြေအနေဆိုးရွားသည့်အခါပြသသောဆေးရုံကြီး

အအေးမိဗိုက်နာစသောရောဂါငယ်

ပြင်းထန်သောရောဂါနှင့် ဒဏ်ရာ




ဆေးခန်း၊ဆေးရုံငယ်

အထွေထွေအထူးကုဆေးရုံကြီး

ं

## (2)ဆေးကုသမှုဌာန

ဆေးခန်း၊ဆေးရုံတွင် ရောဂါ၊ဒဏ်ရာပေါ် မူတည်ပြီး ပြရမည့် ဆေးကုသမှုဌာနကို ဆုံးဖြတ်သည်။ ဆေးကုသမှုဌာန ဘက်စုံပါရှိသော အထွေထွေအထူးကုဆေးရုံကြီး၊ အချို့သောဆေးကုသမှုဌာနကို အထူးယူထားသောဆေးရုံငယ်၊ ဆေးခန်းများရှိသဖြင့် ဆေးရုံသွားပြသည့်အခါ ရောဂါ၊ဒဏ်ရာ အပေါ်မူတည်ပြီး ကိုက်ညီသည့်ဆေးရုံကို ရွေးချယ်မည်။ အဓိကအားဖြင့် အတွင်းရောဂါဌာန၊ ခွဲစိတ်ဌာန၊ ကလေးအထူးကုဌာန စသည့်ဆေးကုသမှုဌာနများရှိသည်။ ဆေးရုံကြီးလေ ဆေးကုသမှုဌာနများလေဖြစ်သည်။ အောက်တွင် ဆေးကုသမှုဌာနများနှင့် ၎င်းဌာနများတွင် ပြနိုင်သော ရောဂါများ၏ ဥပမာကိုဖော်ပြထားသည်။

**・ဆေးကုသမှုဌာနများ**

| | |
|---|---|
| **အထွေထွေကုသရေးဌာန (Naika)** | ဆေးကိုအသုံးပြုပြီးကုသပေးသောဌာနဖြစ်သည်။အအေးမိဝေဒနာကိုအစပြု၍ရောဂါများကိုစစ်ဆေးကုသပေးပါသည်။ သင့်၏ရောဂါအမျိုးအစားကိုနားမလည်ပါက၊ဦးစွာဤဌာနတွင်စစ်ဆေးပါ။ |
| **ခွဲစိတ်မှုဌာန** | အပြင်ဒါဏ်ရာများကိုကုသပေးသည်။ ပုံမှန်အားဖြင့်ခွဲရန်လိုအပ်သောရောဂါကိုကုသပေးသည်။ |
| **ကလေးအထူးကုဌာန** | မွေးကင်းစကလေးမှ မူလတန်းကလေးအထိ အထွေထွေရောဂါများကို ကုသပေးသည်။ |
| **အရိုးအကြောအထူးကုဌာန** | အရိုးကျိုး၊အဆစ်လွဲ၊ခါးနာအစရှိသောအရိုး၊အကြော၊အဆစ်နှင့်ပတ်သက်သောရောဂါဝေဒနာကိုကုသပေးသည်။ |
| **မျက်စိအထူးကုဌာန** | မျက်စိနှင့်ပတ်သက်သောရောဂါကိုကုသပေးရုံသာမကမျက်စိအမြင်အာရုံကိုစစ်ဆေးပေးသည်။ |
| **သွားအထူးကုဌာန** | သွားပိုးစားခြင်းစသောသွားဝေဒနာများကိုကုသပေးသည်။ |

## F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

ထို့အပြင်နား၊နှာခေါင်း၊လည်ချောင်းအထူးကုဌာန၊အရေပြားအထူးကုဌာန၊မီးယပ်သားဖွားအထူးကုဌာန၊ဆီးလမ်းကြောင်းအထူးကုဌာန၊စိတ်အထူးကုဌာနနှင့်ဦးနှောက်အာရုံကြောဌာနလည်းရှိသည်။

ဆေးရုံကြီးတွင်သွားရမည့်ဌာနကိုမသိပါက လက်ခံကောင်တာမှာရောဂါအခြေအနေကိုပြောပြပြီးမေးမြန်းနိုင်ပါသည်။

**(3)တန်းစီစနစ်နှင့် ကြိုတင်စာရင်းသွင်းစနစ်**

ဂျပန်နိုင်ငံ၏ဆေးရုံသည် အစဉ်အလိုက်တန်းစီစောင့်ရသည့်စနစ်ကို ကျင့်သုံးလေ့ရှိသည်။ ထို့ကြောင့် ၁နာရီ၊၂နာရီထိစောင့်ရသည့်အခါမျိုးလည်း ရှိပါသည်။ သို့သော်ငြားလည်း သွားဆေးခန်းသည် ကြိုတင်စာရင်းသွင်းစနစ်ကို ကျင့်သုံးလေ့ရှိသည်။ အချို့သောဆေးခန်း၊ဆေးရုံတွင် ကြိုတင်စာရင်းသွင်းရမည့် ဆေးရုံများလည်းရှိသည်။ ထို့ကြောင့် ကြိုတင်စုံစမ်း ထားရန်လိုအပ်ပါသည်။